ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၉၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၁၂-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွှာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဖိုရမ်တက်ရောက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ သိမ်းဆည်းခံလယ်ယာမြေ ပြန်လည်ပေးအပ်ပွဲအခမ်းအနား။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ နိုင်ငံ့ဝန်ထမ်းမဟာဗျူဟာ ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၁၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ (၆)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းအား အချိန်မီပြုပြင် ထိန်းသိမ်းခြင်းအားဖြင့် အင်းစိန်မြို့နယ်အတွင်း အခြေချ နေထိုင်လျက်ရှိသော ပြည်သူများအတွက် ရေကြီးရေလျှံခြင်းဘေးမှ ကာကွယ်ရန် အစီအစဉ် ချမှတ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ (၆)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းအား အချိန်မီ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် အင်းစိန်မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသော ပြည်သူများအတွက် ရေကြီးရေလျှံခြင်းဘေးမှ ကာကွယ်ရန် အစီအစဉ် ချမှတ်ဆောင်ရွက်ထားခြင်း ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းမယ့်မေးခွန်းကတော့ အင်းစိန်မြို့နယ်ကို ဖြတ်သန်းနေတဲ့ ကသွယ်ချောင်းအကြောင်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ဟာ (၂၁)ရပ်ကွက်နဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ်ဖြစ်ပါတယ်။ ရပ်ကွက်အများစုဟာလည်းပဲ နှစ်ပေါင်းရာချီပြီးတော့ အခြေချနေထိုင်လာခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ (၂၁)ရပ်ကွက်ထဲကနေပြီးတော့ (၆)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေတဲ့ ကသွယ်ချောင်းဟာ အင်းစိန်မြို့နယ်ရဲ့ အထင်ကရချောင်းတစ်လက်ဖြစ်ပြီးတော့ ပေပေါင်း(၁၂၀၀၀)ရှိပါတယ်။ နယ်မြေချင်း ဆက်စပ်နေတဲ့ မင်္ဂလာဒုံမြို့နယ်ကနေ စီးဆင်းလာပြီးတော့ အင်းစိန်မြို့နယ်အား ဖြတ်သန်းပြီး ရွှေပြည်သာမြို့နယ်ကို ဆက်လက်စီးဆင်းသွားတဲ့ ချောင်းတစ်လက်ဖြစ်ပါတယ်။

ယခင် ရှေ့မီ နောက်မီ လူကြီးများရဲ့ ပြောကြားချက်အရ ကသွယ်ချောင်းဟာ အကျယ် (၂၀)ပေ မှ (၂၅)ပေအထိ ရှိပြီးတော့ မော်တော်များ၊ လှေကြီးများနဲ့ သွားလာတဲ့ ခရီးသွားတဲ့အခါမှာ အားကိုးရတဲ့ ချောင်းတစ်လက်လည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအခါမှာ လူဦးရေ ထူထပ်များပြားလာခြင်း၊ ကျူးကျော်ပြီးတော့ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျူးကျော်ဈေးကနေပြီးတော့ အမှိုက်တွေ ချောင်းထဲကို ပစ်ချခြင်း၊ ချောင်းထဲမှာပဲ အိမ်သာတွေ၊ ဝက်ခြံတွေ ဆောက်လုပ်တဲ့ အတွက်ကြောင့် နေရာတော်တော်များများမှာ တော်တော်လေးကို ကျဉ်းနေပြီးတော့ မြောင်းအဆင့်တောင် မရှိတော့တာကို တွေ့ရှိရပါတယ်။

အကျိုးဆက်အနေနဲ့ အင်းစိန်မြို့နယ်ထဲမှာ အရင်က မရှိခဲ့ဘူးတဲ့ ထူးထူးကဲကဲ ရေကြီးတယ်၊ သွားရေးလာရေးခက်ခဲခြင်း၊ သွေးလွန်တုပ်ကွေး၊ ဝမ်းရောဂါ၊ အသည်းရောင် ဘီပိုး စသည်ဖြင့် ရောဂါတွေ ထူပြောပြီးတော့ ရပ်ကွက်နေပြည်သူတွေဟာ ဒုက္ခများစွာ ခံစားနေရပါတယ်။ ဒီထက်မက ဓာတ်ကြိုးပြတ်ကျပြီးတော့ လူအသက်များစွာ ဆုံးရှုံးခဲ့တာလည်း ရှိခဲ့ဖူးပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်ပြီးတော့

တင်ပြလိုတာကတော့ တောင်ကိုရီးယားနိုင်ငံက Cheonggyecheon ချောင်းဟာ ဆိုးလ်မြို့နယ်ကို ဖြတ်သန်းစီးဆင်းတဲ့ ချောင်းတစ်လက်ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်က ပြုပြင်ထိန်းသိမ်းမှုမရှိတဲ့အတွက်ကြောင့် ချောင်းဟာ လုံးဝတိမ်ကောသွားပါတယ်။ ဒါကို အမြော်အမြင်ရှိတဲ့ မြို့တော်ဝန်နဲ့ တာဝန်ရှိတဲ့လူတွေက ပြန်လည်ဖော်ထုတ်ပြုပြင်လိုက်တဲ့အခါမှာ တောင်ကိုရီးယားနိုင်ငံသာမက ကမ္ဘာကျော်တဲ့ အပန်းဖြေဧရိယာဖြစ်သွားတယ်ဆိုတာကို သက်သေသာဓကတွေ ရှိပါတယ်။ တကယ်ဖြစ်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ Political Will တွေက အရေးကြီးပါတယ်။ တာဝန်ရှိတဲ့လူတွေဟာ အင်းစိန်မြို့နယ်ကနေ ကသွယ်ချောင်းကို ပြန်လည်ဖော်ထုတ်မယ်ဆိုရင် အင်းစိန်လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူများ ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ကူညီမှုများ ပေးသွားမှာဖြစ်ပါတယ်။ ဓာတ်ပုံလေး ပြချင်တဲ့အတွက်ကြောင့် Power Point ပြခွင့်ပြုပါ။ ဒါဟာဆိုလို့ရှိရင် ကသွယ်ချောင်းအတွင်းမှာ အမှိုက်တွေဆို့နေတာ ဖြစ်ပါတယ်။ ဒါကတော့ ကျူးကျော်ပြီးတော့ လမ်းတွေဖောက်ပြီးတော့ အဆောက်အအုံတွေ ဆောက်ထားတဲ့နေရာ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် အင်းစိန်မြို့နယ်မှာ ရေကြီးတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် လောလောလတ်လတ် မနေ့ကမှ ကျွန်မရဲ့ မဲဆန္ဒနယ်မြေက ပို့လိုက်တဲ့ပုံတွေ ဖြစ်ပါတယ်။ ရပ်ကွက်တွေအားလုံးဟာ အဲဒီလိုရေကြီးတဲ့ဒဏ်ကို ခံနေရပါတယ်။ ဒါကတော့ ခုနတုန်းက ကျွန်မပြောတဲ့ Cheonggyecheon ချောင်း တောင်ကိုရီးယားနိုင်ငံက ဖြစ်ပါတယ်။ အရင်တုန်းက လုံးဝတိမ်ကောသွားတဲ့ချောင်းဟာ ပြန်လည်ပြုပြင်လိုက်တဲ့အခါမှာ လူများအပန်းဖြေတဲ့ နေရာလေး၊ ကမ္ဘာကျော်တဲ့နေရာလေး ဖြစ်သွားတယ်ဆိုတာကို တွေ့ရပါတယ်။

သို့ဖြစ်ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အင်းစိန်မြို့နယ်အတွင်း (၆)ရပ်ကွက်ကို စီးဆင်းလျက်ရှိသော ကသွယ်ချောင်းအား အချိန်မီ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် အင်းစိန်မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသော ပြည်သူများအတွက် ခံစားရသောဒုက္ခများကို ဖြေလျှော့ရန်၊ ရေကြီးရေလျှံခြင်းဘေးမှ ကာကွယ်ရန် ချမှတ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


ချောင်းကို ကျူးကျော်ခြံခတ် အဆောက်အအုံများ ဆောက်လုပ်ခြင်းမြင်ကွင်းပုံ (သ)



အင်းစိန်မြို့နယ် ရေကြီးရေလျှံနေသော မြင်ကွင်းပုံ (သ-၁)



Cheonggyecheon Stream, South Korea (သ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် နွံဖုံးပျက်စီးသွားသော လယ်ယာမြေများနှင့် လယ်ရေသွင်းမြောင်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူ ပြန်လည် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် နွံဖုံးပျက်စီးသွားသော လယ်ယာမြေများနှင့် လယ်ရေသွင်းမြောင်းများ

အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် နွံဖုံးပျက်စီးသွားတဲ့ လယ်ယာမြေများနဲ့ လယ်ရေသွင်းမြောင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုကြောင့် မင်းသမီး၊ အလှော်၊ ပွတ်သာကျေးရွာသုံးရွာ လုံးဝပျက်စီးသွားပြီး ကနန်စံပြကျေးရွာမှ အိမ်ခြေ(၁၀၀)ကျော် ရေထဲမျောပါ ပျက်စီးသွားခဲ့ပါတယ်။ ရေဘေးဒုက္ခခံစားခဲ့ရတဲ့ ပြည်သူများဟာ ကျေးရွာအသစ်၊ နေရာအသစ်သို့ ရွှေ့ပြောင်းအခြေချ နေထိုင်စေပြီးဖြစ်သော်လည်း လယ်ယာမြေများပေါ်မှာ အမှိုက်သရိုက်များ၊ သစ်တုံးကြီးများ မျောပါတင်ကျန်ပြီး ရွှံနွံများဖုံးလွှမ်းခဲ့တဲ့အတွက်ကြောင့် လယ်ရေသွင်းမြောင်းများ ပျောက်ကွယ်ခဲ့ရသဖြင့် ဆက်လက်လုပ်ကိုင်စားသောက်ရန် ခက်ခဲနေကြပါတယ်။

ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရတဲ့ ဟဲဇင်းကျေးရွာအပိုင် အင်းသာကြီးကွင်းမှာရှိတဲ့ လယ်ယာမြေဧက(၁၀၀)ကျော်နှင့် လယ်ရေသွင်းမြောင်း ပေ(၁၀၀၀၀)ကျော်ကို ဝန်ကြီးဌာနရဲ့ ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ် (VDP)နဲ့ ယခုနှစ်ဧပြီလမှာ ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီလိုဖော်ထုတ်နိုင်ခဲ့တဲ့အတွက်ကြောင့် မေ့ပျောက်ခံ၊ ပစ်ပယ်ခံ ရွာသားတွေက ဝန်ကြီးဌာနကို အင်မတန်ကျေးဇူးတင်ပြီးတော့ အခုဆိုရင် မိသားစု၊ အိမ်ထောင်စု(၄၀)လောက်ဟာ မိမိတို့ရဲ့ လယ်ယာမြေတွေကို ပြန်လည်လုပ်ကိုင်စားသောက်နိုင်ကြတော့မှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်နေပြီဖြစ်သော်လည်း ချောင်းဆုံကျေးရွာ၊ မင်းသမီးကျေးရွာ၊ ကနန်စံပြကျေးရွာ၊ ခမ်းပါတ်ရပ်ကွက်(၅)အပိုင် လယ်မြေဧက ရာပေါင်းများစွာ ပြန်လည်ဖော်ထုတ်ဖို့ ကျန်ရှိနေပါသေးတယ်။

အဆိုပါ လယ်ယာမြေများပေါ်မှာ သစ်တုံးကြီးများ တင်ကျန်နေခြင်း၊ ကြီးမားသော ကိုင်းပင်ကြီးများ ပေါက်နေခြင်းတို့ကြောင့် ကျွဲ၊ နွား၊ လူ လုပ်အားတို့ဖြင့် ပြန်လည်ဖော်ထုတ် ထွန်ယက်လုပ်ကိုင်ခဲ့ကြသော်လည်း စိုက်ပျိုးဖြစ်ထွန်းခြင်း မရှိခဲ့ပါဘူး။ ဒေသခံတောင်သူများရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကြီးကြီးမားမား ထိခိုက်ခံစားနေရပါတယ်။ တမူးမြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာနရဲ့ အကူအညီဖြင့် ဆောင်ရွက်ရာတွင် ထွန်စက်များရဲ့ စက်အားနည်းခြင်းကြောင့် သစ်တုံးကြီးများ ရှင်းလင်းဖယ်ရှားနိုင်ခြင်းမရှိသလို ကုန်ကျစရိတ်ကိုလည်း တောင်သူများမှ ကျခံနေရပါသဖြင့် လုပ်ငန်းအောင်မြင်မှုမရရှိနိုင်ပါ။ စက်အားကောင်းသော JCB (Excavator/ Backhoe) စက်ကြီးများဖြင့်

သစ်တုံးကြီးများ၊ ကိုင်းတောကြီးများ ရှင်းလင်းဖယ်ရှားပေးရန်နှင့် ရေသွင်းမြောင်းများ ပြန်လည်ဖော်ထုတ်ရန် ဝန်ကြီးဌာနရဲ့ VDP ကဲ့သို့သော အထူးအစီအမံတစ်ရပ် လိုအပ်နေပါတယ်။

ဒါ့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် နွံဖုံးပျက်စီးသွားသော လယ်ယာမြေများနှင့် လယ်ရေသွင်းမြောင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်းရှိ ကျေးရွာများမှ မြေပုံမြို့သို့သွားသည့်လမ်းကို မြေသား လမ်းမှ ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်းရှိ ကျေးရွာများမှ မြေပုံမြို့သို့သွားသည့်လမ်းကို မြေသားလမ်းမှ ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်းရှိ ကျေးရွာများမှ မြေပုံမြို့သို့ သွားသည့်လမ်းကို မြေသားလမ်းမှ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်းဟာဆိုရင် ကျေးရွာပေါင်း(၁၅)ရွာ ရှိပါတယ်။ လူဦးရေ(၁၂၀၀၀)ကျော် နေထိုင်တဲ့ ကျွန်းတစ်ကျွန်းဖြစ်ပြီးတော့ ကုန်းမြင့်များ၊ တောင်တန်းများ လုံးဝမရှိတဲ့ ကျွန်းတစ်ကျွန်းပါ။ ဒါ့ကြောင့် အဲဒီ ကျွန်းပေါ်မှာနေထိုင်ကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားများမှာ မိုးတွင်းကာလမှာဆိုရင် မုန်တိုင်းဒဏ်၊ လှိုင်းကြီးလေထန်သည့်ဒဏ်များကို အလူးအလဲခံစားခဲ့ကြရတဲ့ ကျွန်း တစ်ကျွန်းလည်း ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်ကဆိုလို့ရှိရင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့တဲ့အတွက်ကြောင့် လူအသေအပျောက်နှင့် ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ပြီးတော့ ရွာအချို့ပင် ပျောက်ကွယ်ခဲ့ရတဲ့ ကျွန်းတစ်ကျွန်းပါ။ အဲဒီ ကျွန်းပေါ်မှာ ကျေးရွာသူ၊ ကျေးရွာသားများဟာ ဆင်းရဲသူ၊ ဆင်းရဲသားများဖြစ်ကြပြီးတော့ မိမိတို့လုပ်ကိုင်စားသောက်နေကြတဲ့ လယ်ယာမြေများကို စွန့်ခွာခြင်း မပြုလုပ်နိုင်တဲ့အတွက်ကြောင့်မို့လို့ သဘာဝဘေးအန္တရာယ် ရှိမှန်းသိပါလျက်နဲ့ အရဲစွန့်ပြီးတော့ နေထိုင်ကြလျက်ရှိပါတယ်။

ငမန်းရဲကျွန်းမှနေပြီးတော့ ရွာသူ၊ ရွာသားများဟာဆိုလို့ရှိရင် မိုးတွင်းကာလမှာ မုန်တိုင်း ဒဏ်နှင့်သဘာဝဘေးအန္တရာယ်များ သတိပေး၊ အချက်ပေးတိုင်း မြေပုံမြို့ဘက်ဝင်ပြီးတော့ တိမ်းရှောင် နေရတဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် တိမ်းရှောင်ထွက်ပြေးတဲ့အခါမှာ ငမန်းရဲကျွန်းကနေပြီးတော့ မြေပုံသို့သွားတဲ့လမ်းကို၊ ဖော်ပြပါလမ်းကို အသုံးပြုပြီးတော့ သွားနေရပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် မိုးတွင်းကာလမှာ သွားလာရ အလွန်ခက်ခဲပြီးတော့ အတိဒုက္ခရောက်ကြရပါတယ်။ သွားလာ၍ ခက်ခဲတဲ့ အတွက်ကြောင့်မို့လို့ ဆက်သွယ်ရေးလမ်းကြောင်းများ ရုံဖန်ရံခါ ပြတ်တောက်ပါတယ်။ ဒါကြောင့် အခက်အခဲများစွာကို ကြုံတွေ့စေတဲ့အပြင် အုပ်ချုပ်ရေးပိုင်းမှာလည်း လုပ်ငန်းဆောင်တာတွေကို နှောင့်နှေးကြန့်ကြာစေတဲ့ အခက်အခဲများစွာရှိပါတယ်။

ဒါကြောင့်မို့လို့ ဖော်ပြပါ ငမန်းရဲကျွန်းကျေးရွာမှ မြေပုံမြို့သို့ သွားတဲ့လမ်းကို မြေသားလမ်း အဖြစ်မှ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ရွာသူ၊ ရွာသားပေါင်း(၁၅)ရွာမှနေ၍ သွားလာရေးအဆင်ပြေစေရန် လူမှုစီးပွားရေးဘဝကိုပါ မြှင့်တင်ပေးရာရောက်တဲ့အပြင် သဘာဝဘေး အန္တရာယ်များမှလည်း ကာကွယ်ပေးရာရောက်မည် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အမြန်ဆုံး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနကို လေးစားစွာ မေးမြန်းအပ် ပါတယ်ရှင်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် အနောက်မြောက်ဘက်၊ စေတုတ္တရာမြို့နယ်၊ ဆောမြို့နယ်စပ် ကျေးရွာများဖြစ်သည့် ကျေးရွာ(၅)ရွာ၊ အိမ်ထောင်စု(၅၆၃)၊ လူဦးရေ(၂၆၄၉)ဦးတို့ သွားလာအသုံးပြု သော ငလှိုင်တွင်း-ကင်ပွန်းခြံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် အနောက်မြောက်ဘက်၊ စေတုတ္တရာမြို့နယ်၊ ဆောမြို့နယ်စပ် ကျေးရွာများဖြစ်သည့် ကျေးရွာ(၅)ရွာ၊ အိမ်ထောင်စု(၅၆၃)၊ လူဦးရေ(၂၆၄၉)ဦးတို့ သွားလာအသုံးပြု သော ငလှိုင်တွင်း-ကင်ပွန်းခြံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ စလင်းမြို့နယ် အနောက်မြောက်ဘက်၊ စေတုတ္တရာမြို့နယ်နှင့် ဆောမြို့နယ်စပ်မှာရှိနေတဲ့ ကျေးရွာ(၅)ရွာ၊ အိမ်ထောင်စု

(၅၆၃)စု၊ လူဦးရေ(၂၆၄၉)ဦးတို့ သွားလာအသုံးပြုနေတဲ့ ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကွဲဦး-ကျောက်တန်းကျေးရွာတို့မှာ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

အကြောင်းပြချက်အနေနဲ့တော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကွဲဦး-ကျောက်တန်းကျေးရွာတို့ဟာ စေတုတ္တရာနဲ့ ဆောမြို့နယ်စပ်မှာ တည်ရှိပြီး ကျေးရွာအချင်းချင်း သွားလာရာမှာ များစွာခက်ခဲကြောင်း ၄-၄-၂၀၁၇ ရက်နေ့မှ အဲဒီရွာတွေကို ကွင်းဆင်းခဲ့တဲ့အတွက် သိရှိခဲ့ရပါတယ်ခင်ဗျား။ စလင်းမြို့နယ်၊ ငလှိုင်တွင်းကျေးရွာသို့ ပုသိမ်-မုံရွာ ကတ္တရာလမ်းနှင့် ချိတ်ဆက်ထားတဲ့ မြေနီကျောက်စရစ်လမ်း(၈)မိုင်ခွဲကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဘဏ္ဍာငွေနဲ့ ဖောက်လုပ်ပြီး ဖြစ်ပါတယ်။ ဒါပေသိ စလင်းမြို့နယ်ရဲ့ အစွန်ဆုံးကျေးရွာဖြစ်တဲ့ ကျောက်တန်း တို့၊ ကွဲဦးတို့၊ ကင်ပွန်းခြုံကျေးရွာတွေဟာ ငလှိုင်တွင်းရွာအထိ မြေသားလမ်း ဖောက်လုပ်ပေးမယ်ဆိုပါက ပညာရေး၊ ကျန်းမာရေးနဲ့ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖို့အတွက် လွယ်ကူစွာ ချောမွေ့ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် အနောက်မြောက်ဘက်၊ စေတုတ္တရာမြို့နယ်၊ ဆောမြို့နယ်စပ်ကျေးရွာများဖြစ်သည့် ကျေးရွာ(၅)ရွာ၊ အိမ်ထောင်စု(၅၆၃)၊ လူဦးရေ(၂၆၄၉)ဦးတို့ သွားလာအသုံးပြုနေတဲ့ ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကွဲဦး-ကျောက်တန်းကျေးရွာတို့တွင် ကျေးရွာချင်းဆက် မြေသားလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ အင်ဂျင်နီယာ တွက်ချက်မှုနဲ့ ပူးတွဲ မေးမြန်းအပ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းတစ်ခါတည်းမေးခွင့်ပြုပါ။ ဒီလမ်းရဲ့ အင်ဂျင်နီယာတွက်ချက်မှုက -------

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းက ဖြေပြီးမှ ဆက်စပ်ဖြစ်ရမှာ ကိုယ်စားလှယ်ကြီးက ဘယ့်နှယ့် ဆက်စပ်မေးခွန်း တစ်ခါတည်းမေးရတာလဲ။

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ----- (၃၈)သိန်းကုန်ကျမယ်ဟု တွက်ထားပါတယ်။ ဒါပေမဲ့ ၁၁-၇-၂၀၁၇ ရက်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တာဝန်ရှိသူနဲ့ ညှိနှိုင်းတဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ လမ်းအသုံးပြုတဲ့ယာဉ်တွေ ရှိနေတဲ့အတွက်ကြောင့် သိန်း(၄၅၀)ခန့် ကုန်ကျမယ်ဖြစ်ကြောင်း တိုင်းမှာတော့ ငွေမရှိကြောင်း ပြည်ထောင်စုရန်ပုံငွေ (၄၅)သန်းချပေးလျှင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ညှိနှိုင်းရရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုရန်ပုံငွေမှ (၄၅)သန်းချပေးရန် အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း တောင်ဘက်အစွန်ဆုံး ကျေးရွာများဖြစ်သည့် လက်ခုတ်ပင်ရင်းကျေးရွာ၊ ဂေါရောမဏိကျေးရွာ၊ ဇင်းခါးရှည်ကျေးရွာ၊ အုတ်ကြွပ်ကျေးရွာ၊ အခဇားကျေးရွာ၊ ဂုပ္ပိတောင့်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း တောင်ဘက်အစွန်ဆုံးကျေးရွာများဖြစ်သည့် လက်ခုတ်ပင်ရင်းကျေးရွာ၊ ဂေါရောမဏိကျေးရွာ၊ ဇင်းခါးရှည်ကျေးရွာ၊ အုတ်ကြွပ်ကျေးရွာ၊ အခဇားကျေးရွာ၊ ဂုပ္ပိတောင့်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်တဲ့မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၁၈၃)ရွာ၊ ကျေးရွာအုပ်စု(၇၃)အုပ်စု ရှိပါတယ်။ ကျောက်တော်မြို့နယ်တွင် မြစ်ချောင်းများပေါများပြီး သွားလာရေးခက်ခဲတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်အစွန်ဆုံးကျတဲ့ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်း(၈)လမ်း၊ (၉)လမ်းလောက်ကိုလည်း ဖောက်လုပ်ရမယ်ဆိုတာ ကျွန်တော်ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာလည်း တင်ပြပြီးသားဖြစ်ပါတယ်။ အဲဒီအထဲမှာ အခု တင်ပြ မေးမြန်းတဲ့ ကျေးရွာချင်းဆက်လမ်းဟာလည်း အပါအဝင်ဖြစ်ပါတယ်။ ဒီကျေးရွာတွေဟာ ကျွန်တော်တို့ နီးလျက်နဲ့ ဝေးနေတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ ရေလမ်းကိုပဲ ကွေ့ပတ်ပြီး သွားနေရတဲ့ ကျေးရွာတွေပါ။ ဒီကျေးရွာချင်းဆက်လမ်းကို ယခင်အစိုးရအဆက်ဆက်က လုံးဝဖောက်လုပ်ခဲ့ခြင်း မရှိသေးတဲ့ လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကျေးရွာတွေကို သွားမယ်ဆိုရင်လည်း ကစ္ဆပနဒီမြစ်ကြီး ကနေတစ်ဆင့် ချောင်းလက်တက်ထဲကိုဝင်ပြီး နာရီပေါင်းများစွာ သွားပြီးမှ ရောက်နိုင်တဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ ကျောက်တော်မြို့နှင့်လည်း မိုင်(၂၀)လောက် ဝေးကွာတဲ့ အစွန်ဆုံးကျတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့ လက်ခုတ်ပင်ရင်း ကျေးရွာနဲ့ ဂေါရောမဏိကျေးရွာ ဆိုလို့ရှိရင် ကစ္ဆပနဒီမြစ်ကြီးကနေတစ်ဆင့် ပေါက်လေချောင်းကိုဝင်တယ်။ ပေါက်လေချောင်းမှတစ်ဆင့် သရီနံချောင်း၊ သရီနံ

ချောင်းမှတစ်ဆင့် လက်ခုတ်ပင်ရင်းချောင်းကို ဝင်ပြီးမှ အဲဒီလက်ခုတ်ပင်ရင်းကျေးရွာကို ရောက်ပါတယ်။ ချောင်းလက်တက်များစွာ အဆင့်ဆင့်ဖြတ်ပြီးမှ ကျွန်တော်တို့ သွားရတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ အဲဒီ ချောင်းလက်တက်တွေဟာလည်း တိမ်ကောနေပြီ ဖြစ်ပါတယ်။ ဒီရေတက်တဲ့အချိန်ကျမှ သွားလာ၍ ရပါတယ်။ ဒီရေကျတဲ့ အချိန်ဆိုလို့ရှိရင် လုံးဝရေများ ခန်းခြောက်သွားပြီး သွားလာ၍မရတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ အဆိုးဆုံးက ကျန်းမာရေးကိစ္စများ တစ်စုံတစ်ရာ ဖြစ်လာလို့ရှိရင် ဘယ်လမ်းကြောင်းမှ သွားလာ၍မရတဲ့ ကျေးရွာများဖြစ်ပါတယ်။ ရေတက်တဲ့ အချိန်ကျမှပဲ ကျွန်တော်တို့ စောင့်ပြီး သေဆုံးရတဲ့ လူနာများစွာ ရှိနေပါတယ်။

ဒီဒေသတွေဟာ ကုန်းလမ်းလည်းသွားမရ၊ ရေလမ်းလည်း အဆင်မပြေ ချောင်ပိတ်နေတဲ့ ကျေးရွာများ ဖြစ်ပါတယ်ခင်ဗျား။ အခု ကျွန်တော်ဆွေးနွေးတဲ့ ကျေးရွာချင်းဆက်လမ်းဟာ လက်ခုတ်ပင်ရင်းကနေ ဂေါရောမဏိ၊ ဇင်းခါးရှည်၊ အုတ်ကွပ်၊ အခဇားမှတစ်ဆင့် ဂုပ္ပိတောင့်ကျေးရွာအထိ လမ်းဖောက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သရက်တပင်ကနေ ဂုပ္ပိတောင့်ကျေးရွာအထိ မြေသားလမ်း ဖောက်လုပ်ပြီးသား ဖြစ်တဲ့အတွက် အဲဒီလမ်းနဲ့လည်း ဆက်သွယ်ပြီးသားဖြစ်သွားပါမယ် ခင်ဗျား။ လမ်းအရှည်က (၇)မိုင်လောက်ပဲ ဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ လူဦးရေအားဖြင့် (၆၄၄၃)ဦးကို အကျိုးပြုနိုင်မည် ဖြစ်တဲ့အတွက် ဒီလမ်းဖောက်လုပ်ပြီးပါက ကျွန်တော်တို့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဒေသကျေးရွာများဟာ ဆိုရင် လမ်းဖြစ်မြောက်ရေးအတွက် အိပ်မက်မက်လာကြသည်မှာ ကြာနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရလက်ထက်မှာ ဒီ (၇)မိုင်လောက်ရှိတဲ့လမ်းကို ဖောက်လုပ်ပေးလိုက်ခြင်းဖြင့် ဒေသခံများ မက်နေတဲ့ အိပ်မက်ကို အကောင်အထည်ဖော်ပေးရာ ရောက်မယ့်အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျောက်တော်မြို့နယ်အတွင်း တောင်ဘက်အစွန်ဆုံး ကျေးရွာများဖြစ်တဲ့ လက်ခုတ်ပင်ရင်းကျေးရွာ၊ ဂေါရောမဏိကျေးရွာ၊ ဇင်းခါးရှည်ကျေးရွာ၊ အုတ်ကွပ်ကျေးရွာ၊ အခဇားကျေးရွာ၊ ဂုပ္ပိတောင့်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများကို အစဉ်အလိုက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ဖြေကြားပေးမှာ ဖြစ်ပါတယ်ခင်ဗျား။

ကနဦး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစွာဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်ပေါင်း(၂၁)ရပ်ကွက်နဲ့ ယင်းအနက်က (၆)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေတဲ့ ကသွယ်ချောင်းကို အချိန်မီ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိတဲ့ ပြည်သူတွေ ရေကြီးရေလျှံခြင်းဘေးမှ ကာကွယ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေ၊ လူတွေရဲ့ အပြုအမူတွေကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ချောင်းမြောင်း ပိတ်ဆို့မှုဒဏ်ကို ယခု ရန်ကုန်မြို့တော်ကြီးမှာ လက်တွေ့ခံစားနေရပြီ ဖြစ်ပါတယ်။ ဒီ တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းမှာရှိတဲ့ ဖြတ်သန်းစီးဆင်းတဲ့ ကသွယ်ချောင်းကတော့ ပေ(၁၂၀၀)ခန့် ရှည်လျားပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လကစပြီး ချောင်းကျဉ်းတဲ့နေရာတွေမှာ စက်ဝင်လို့မရတဲ့အတွက် လူအားနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ စက်ဝင်နိုင်ရန်အတွက် ချောင်းရဲ့အကျယ် လုံလောက်မှုရှိတဲ့ နေရာတွေမှာ စက်ယန္တရားတွေနဲ့ တူးဖော်ရှင်းလင်းပေးလျက်ရှိကြောင်းနဲ့ စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မြေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် အကျယ်တဝင့် ရှင်းလင်းဖြေကြား ပေးပါမယ်။

ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ မိုးရာသီကာလအတွင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပြီး တော့ တမူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ(၅)ရွာက လယ်မြေဧက(၁၉၀၀)ကျော် သဲနုန်းများ ဖုံးလွှမ်းခဲ့ ပါတယ်။ ကျေးလက် ဆည်၊ ကန်တွေ ထိခိုက်ပျက်စီးခြင်းနဲ့အတူ ရေသွင်း၊ ရေနုတ်မြောင်းတွေ တိမ်ကောသွားခြင်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် သဲနုန်းဖုံးလွှမ်းသွားတဲ့ လယ်ယာမြေတွေ ပြန်လည် ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာန၊ ရေသွင်းရေနုတ်မြောင်း ပြုပြင်တူးဖော်ခြင်းနဲ့ ဆည်၊ ကန် ပြုပြင်ခြင်းလုပ်ငန်း ကို ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲရေးဦးစီးဌာန၊ အသီးသီးက တာဝန်ယူ ဆောင်ရွက်ပေး ခဲ့ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ တမူးမြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးလက် ဆည်၊ ကန်(၁၈)ခုနဲ့ ရေသွင်းရေနုတ်မြောင်းများ တူးဖော်ခြင်းတွေကို ၂၀၁၆ ခုနှစ် မိုးစပါးရာသီအမီ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့လည်းပဲ သဲနုန်းဖုံးလွှမ်းတဲ့ လယ်ယာမြေ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပေးပါမယ်။ ချောင်းဆုံကျေးရွာနဲ့ ဟဲဇင်းကျေးရွာ၊

အင်းသားကြီးကွင်းမှာရှိတဲ့ သဲဖုံးလယ်ယာမြေ (၁၈၁)ဧကကို စက်မှုလယ်ယာဦးစီးဌာနမှ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်အထိ (၁၀၄)ဧက ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၇၇)ဧကကို ဆောင်ရွက်ဖို့ စက်တွေ စုဖွဲ့ဆောင်ရွက်ပြီး ဖြစ်သော်လည်းပဲ ယခုမိုးရာသီကာလ ကျရောက်လာတဲ့အတွက် ဒေသခံတောင်သူတွေနဲ့ ညှိနှိုင်းပြီး ပွင့်လင်းရာသီမှာ အချိန်မီဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အလားတူ မင်းသမီးကျေးရွာ၊ ကနန်ကျေးရွာနဲ့ ခမ်းပါတ်(၅)ရပ်ကွက်များမှာရှိတဲ့ သဲဖုံးလယ်ယာမြေဧက (၁၇၂၆)ဧကကို စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံလယ်သမားတွေ ပူးပေါင်းအစီအစဉ်နဲ့လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနအစီအစဉ်နဲ့လည်းကောင်း ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအချိန်အထိ ဧက(၉၈၄)ဧက ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၇၄၂)ဧကကို ဆက်လက်ပြုပြင်ဖော်ထုတ် ဆောင်ရွက်ပေးသွားဖို့ ရှိမှာဖြစ်ပါတယ်။ အဆိုပါ ပြုပြင် ဖော်ထုတ်ပေးဖို့ ကျန်ရှိတဲ့ (၇၄၂)ဧကမှာ စက်မှုလယ်ယာဦးစီးဌာနရဲ့ ထွန်စက်နဲ့ ဆောင်ရွက်နိုင်မယ့် ဧကဟာ (၃၂၆)ဧကခန့်သာဖြစ်ပြီး မြေတူးစက်(Backhoe) သို့မဟုတ် မြေထိုးစက်(Bulldozer) များနဲ့ ဆောင်ရွက်နိုင်မယ့် အခြေအနေရှိတဲ့ ဧကဟာ (၄၁၆)ဧက ရှိပါတယ်။ ယခုနှစ်မိုးရာသီမှာ ပြုပြင်ဖော်ထုတ်ဖို့ကျန်တဲ့ (၇၄၂)ဧကမှာ တိုက်ရိုက်အစေ့ချ စိုက်ပျိုးမှုနည်းစနစ်နဲ့ စိုက်ပျိုးသွားနိုင်ဖို့အတွက် စီစဉ်ထားရှိပြီးတော့ မိုးစပါး ရိတ်သိမ်းပြီးတဲ့အချိန် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှသာ မြေယာ ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မယ့် အခြေအနေ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအတွက် ဌာနအနေနဲ့ စက်သုံးဆီ ဂါလန်(၇၀၀၀)နဲ့ ခန့်မှန်းကုန်ကျငွေ ကျပ်(၂၅)သန်းခန့် အကုန်ကျခံ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရေသွင်းရေနုတ်မြောင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်ပေးရမည့် အခြေအနေနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် ဟဲဇင်းကျေးရွာ၊ အင်းသာကြီးကွင်းမှာရှိတဲ့ ရေသွင်း၊ ရေနုတ်မြောင်းအရှည် ပေ(၁၀၀၀၀)ခန့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကျေးလက် ဖွံ့ဖြိုးရေးအစီအစဉ်မှ ကျခံပြီး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ချောင်းဆုံကျေးရွာမှာရှိတဲ့ တူးဖော် ပေးရမယ့် ရေသွင်း၊ ရေနုတ်မြောင်းအရှည်ပေ (၃၀၀၀)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်ထားတဲ့ JCB အမျိုးအစား မြေတူးစက်အသေး(၁)စီးနဲ့ ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မင်းသမီးကျေးရွာ၊ စည်ပိုင်းကန်ဆည်ရှိ ရေသွင်းရေနုတ်မြောင်းနဲ့ လက်တံမြောင်းတွေ ပြုပြင်တူးဖော်ခြင်းနဲ့ ကျောက်ရိုးစီခြင်းလုပ်ငန်းတွေကို ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ကျပ်သန်း(၄၀)နဲ့ ဆောင်ရွက်လျက်ရှိတဲ့အခါမှာ (၆၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ အလားတူ ခမ်းပါတ်ဆည်ရေသွင်းရေနုတ်မြောင်းမကြီး အလျားပေ (၁၂၀၀၀)ကို ယခု ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်(၂၅)သန်းနဲ့ ဆောင်ရွက်လျက်ရှိရာမှာ (၇၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ကနန်ကျေးရွာမှာရှိတဲ့ ယောက်ပီးဆည်ရေသွင်းရေနုတ်မြောင်းမှာ တူးဖော်ဖို့ကျန်တဲ့ ရေနုတ်မြောင်းအား ဆက်လက်တူးဖော်

ဖို့နဲ့ မြောင်းဝင်ပိုင်း ပေ(၂၅၀)ကိုလည်း ကျောက်လိုင်နင်စီရန် လိုအပ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ်(၃၅)သန်းခန့် ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွင်းမှာရှိတဲ့ သဲဖုံးလယ်ယာမြေ (၇၄၂)ဧကအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ဖို့အတွက် စက်သုံးဆီ ခန့်မှန်းကုန်ကျငွေ (၂၅)သန်းခန့်နဲ့ ကနန်ကျေးရွာရှိ ယောက်ပီးဆည်ရေသွင်းရေနုတ်မြောင်း ပြုပြင်တူးဖော်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၅)သန်းဖြစ်လို့ စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၆၀)ခန့်ရှိမည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ထည့်သွင်းတောင်းခံပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးကနေ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်းမှာရှိတဲ့ ကျေးရွာများမှ မြေပုံမြို့ကို သွားတဲ့လမ်းကို မြေသားလမ်းမှ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်း ကျေးရွာချင်းဆက်လမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်(၅၄)သန်းခန့်နဲ့ မြေသားလမ်း(၃/၇)မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်(၉၃)သန်းခန့်နဲ့ မြေသားလမ်း (၃/၇)မိုင်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်(၃၃)သန်းခန့်နဲ့ မြေသားလမ်း (၁/၅)မိုင်၊ စုစုပေါင်း မြေသားလမ်း အရှည်(၉/၃)မိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

အဆိုပါ ငမန်းရဲကျွန်းပေါ်မှာရှိတဲ့ မြေသားလမ်းဟာ ရေပတ်လည်ဝိုင်းရံလျက်ရှိပြီး ရေလှိုင်းပုတ်ခတ်မှုဒဏ်ကို အမြဲတမ်းခံနေရတဲ့အတွက်ကြောင့် ကျောက်စီနံရံနှစ်ဖက် (၃)မိုင်စီကို ဆောင်ရွက်မယ်ဆိုပါက လမ်းရေရှည် တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။ အဆိုပါ ငမန်းရဲကျွန်းကျေးရွာသွားလမ်းရဲ့ ကျန်ရှိနေတဲ့ မြေသားလမ်း (၈/၇)မိုင်ကို ကျောက်ချောလမ်း ပြုလုပ်မည်ဆိုလို့ရှိရင် ခန့်မှန်းတန်ဖိုးငွေကျပ်က ကျပ်သန်းပေါင်း(၂၀၀၀)ကျော်နဲ့ ကျောက်စီနံရံနှစ်ဖက် (၃)မိုင်ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်း တန်ဖိုးငွေ ကျပ်သန်း(၉၀၀)ကျော် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ကျပ်(၂၉၅၀)သန်းကျော် ကုန်ကျမှာ ဖြစ်ပြီး ကျေးရွာ (၆)ရွာ၊ အိမ်ခြေ(၁၄၂၀)၊ လူဦးရေ (၆၇၃၉)ဦးကို အကျိုးသက်ရောက်မည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြပါ မြေပုံမြို့နယ်၊ ငမန်းရဲကျွန်း ကျေးရွာချင်းဆက်လမ်းရဲ့ ကျောက်ချောလမ်း (၀/၄)မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း(၁၁၅)သန်း

ကျော်နဲ့ ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။ ယခု တင်ဒါခေါ်ယူဆောင်ရွက်ဆဲရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းမှာရှိတဲ့ ငလှိုင်တွင်း-ကင်ပွန်းခြံ-ကျွဲဦး-ကျောက်တန်းကျေးရွာချင်းဆက်လမ်းဟာ အရှည်(၁၁)မိုင် ရှိပြီးတော့ စေတုတ္တရာနဲ့ ဆောမြို့နယ်စပ်မှာ တည်ရှိလို့ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၅၆၃)အိမ်၊ လူဦးရေ (၂၆၄၉)ဦးတို့အား အကျိုးပြုပါတယ်။ လမ်းရဲ့လက်ရှိအနေအထားဟာ လှည်းလမ်းအဆင့်သာဖြစ်ပြီး အဆိုပါလမ်းကို မြေသားလမ်း ဆောင်ရွက်မယ်ဆိုရင် ငွေကျပ်(၃၈၀.၅၈၉)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း (၃၆၆၇)သန်းကျော်နဲ့ ကွန်ကရစ်လမ်း (၂)မိုင်၊ (၃)ဖာလုံ၊ ကတ္တရာလမ်း (၂)မိုင်၊ (၆)ဖာလုံ၊ ကျောက်ချောလမ်း (၈)မိုင်၊ ဝဝံမြေနီလမ်း(၃)မိုင်၊ ကွန်ကရစ်တံတား (၁၄)စင်း၊ ရေကျော် (၃၁)စင်းနှင့် ရေပြွန်(၃၄)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။

စလင်းမြို့နယ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်(၁၂၈.၅)သန်းနဲ့ ကွန်ကရစ်တံတား(၄)စင်း၊ ရေကျော်(၂)စင်းတို့ကိုလည်းပဲ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ စလင်းမြို့နယ်အတွင်းမှာရှိတဲ့ ငလှိုင်တွင်း-ကင်ပွန်းခြံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိသော်လည်းပဲ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို လိုအပ်တဲ့ကျပ်ငွေ(၄၅)သန်း အားရန်ပုံငွေ ရှာဖွေဆောင်ရွက်ပေးနိုင်ရေးအတွက်ကို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းအပေါ် ကို ပြန်လည်ဖြေကြားပေးပါမယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ လက်ခုတ်ပင်ရင်း - ဂေါရောမဏီဇင်းခါးရှည် - အုတ်ကြွပ် - အခဇား - ဂုပ္ပိတောင့် ကျေးရွာအထိ လမ်းဟာ လမ်းအရှည် (၇)မိုင်ရှိပါတယ်။ သရက်တပင်- ဂုပ္ပိတောင့်လမ်း (၁၃)မိုင်နဲ့ တစ်ဆက်တည်းဖြစ်ပြီး ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၃၁၂) အိမ်ရှိလူဦးရေ(၁၃၀၀)ဦးအား အကျိုးပြုလျက်ရှိကြောင်း သိရှိရပါတယ်။ လမ်းရဲ့လက်ရှိ အခြေအနေ ကတော့ လူသွားလမ်းအဆင့်သာရှိပြီး လမ်းဖောက်လုပ်မယ်ဆိုရင် လယ်ယာမြေများ ဖြတ်သန်း ဖောက်လုပ်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ အဆိုပါလမ်းကို မြေသားလမ်းဖောက်မယ်ဆိုရင် ငွေကျပ် သန်း(၂၁၀)ကျော်

ကုန်ကျမှာ ဖြစ်ပါတယ်။ ကွန်ကရစ်တံတား (၇)စင်းအပါအဝင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် ငွေကျပ်(၄၂၅)သန်း၊ ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ငွေကျပ်သန်း ပေါင်း (၁၂၇၅)သန်းကျော် ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါလမ်းဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လမ်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာတော့ မိမိတို့ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်(၂၃၂၁)သန်းကျော်နဲ့ ကွန်ကရစ် လမ်း (၆)မိုင်၊ ကတ္တရာလမ်း (၁)မိုင် (၃)ဖာလုံ၊ ကျောက်ချောလမ်း (၃)မိုင် (၁)ဖာလုံ၊ ကွန်ကရစ်တံတား (၃)စင်းနဲ့ ရေပြွန်(၃)စင်းတို့ကို ဆောင်ရွက်ရန် လျာထားအကောင်အထည်ဖော်လျက် ရှိပါတယ်။ ကျောက်တော်မြို့နယ်အတွက် ယခုနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ်(၁၈၆)သန်းကျော်နဲ့ ကွန်ကရစ်လမ်း (၁)မိုင်ကို ဆောင်ရွက်ရန်ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ ကျောက်တော်မြို့နယ်အတွင်းရှိ လက်ခုတ် ပင်ရင်း - ဂေါရောမဏီ - ဇင်းခါးရှည် - အုတ်ကွပ် - အခဇား - ဂုပ္ပိတောင့် ကျေးရွာချင်းဆက်လမ်း လုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားခြင်း ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လတ်တလော ဆောင်ရွက်မပေးနိုင်ခြင်း မရှိတဲ့အခြေအနေ ဖြစ်ပါတယ်။ လူသွားလမ်းအဆင့်ဖြစ်ပြီး လယ်မြေတွေကို ဖြတ်ရမှာဖြစ်တဲ့အတွက် မြေနေရာရရှိရေးကိုလည်းပဲ လုပ်ထုံးလုပ်နည်း ဥပဒေနဲ့အညီ ပြည်နယ်အစိုးရနဲ့ ပေါင်းစပ်ဆောင်ရွက်ပြီး ညှိနှိုင်းသဘောတူညီချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံ စာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးစောယှားဖောင်အွာ (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

၁။ 　အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၆) ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ၂၄-၂-၂၀၁၇ ရက်နေ့မှ ၆-၇-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံ တင်ပြသွားပါမယ်။

အစီရင်ခံစာကို ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အကျဉ်းချုပ်သာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၂။ 　ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို စုစုပေါင်း(၄)ကြိမ် ပြုလုပ်ခဲ့ပြီး ကော်မတီ ဝင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ (၁၅)ကြိမ်တွေ့ဆုံခြင်း၊ ကော်မတီကိုယ်စားပြု အခမ်းအနားသို့ တက်ရောက်ရန် အခမ်းအနား(၆)ကြိမ်ခန့် တက်ရောက်ခြင်းတို့ ပြုလုပ်ခဲ့ပါတယ်။

**သုံးသပ်ချက်များ**

၃။ 　တွေ့ဆုံခြင်းများနှင့် အခမ်းအနားများအပေါ် မူတည်၍ ကော်မတီ၏ သုံးသပ်ချက်များမှာ -

(က) ကျောက်ဖြူမြို့ အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ချက်မှာ ပြင်ပမှ တရားမဝင်လာရောက် ငါးဖမ်းဆီးသူများကို ထိရောက်စွာ တားဆီးနိုင်ရေး လိုအပ်လျက်ရှိကြောင်း၊ ဒီရေတော စိုက်ပျိုးရာနေရာများတွင် ပျိုးပင်များ ပျက်စီးရခြင်းမဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်သင့်ကြောင်းနှင့် ကမ်းဝေးငါးဖမ်းသင်္ဘောများ ကမ်းနီးသို့ ဝင်ရောက် ငါးဖမ်းနေခြင်းကို ထိရောက်စွာကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် အတွင်း ကမ်းနီးငါးဖမ်းလုပ်ငန်းလိုင်စင်များကို ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ

ခွင့်ပြုပေးနိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ရပ်ရွာအခြေပြု ရေလုပ်သား အစုအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး အသိပညာပေးရန်နှင့် သုတေသနပြုလုပ်ပြီး ငါးနှင့်ရေသယံဇာတများ ပြုန်းတီးမှု ထိန်းသိမ်းကာကွယ်နိုင်ရန် လိုအပ်ပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(ခ) Action Plan of DOA Institutional Analysis Workshop အပေါ် သုံးသပ်ချက်များမှာ စိုက်ပျိုးရေးဦးစီးဌာန အလုပ်ရုံဆွေးနွေးပွဲတွင် ယခင်နှင့်မတူဘဲ လုပ်ဆောင်ရန် လိုအပ်ချက်များ၊ အားနည်းချက်များ၊ အားသာချက်များကို စိုက်ပျိုးရေးဌာန၊ သုတေသနဌာန၊ တောင်သူများနှင့် NGO များ ပူးပေါင်းဆောင်ရွက်၍ အဖြေရှာသော ပွင့်လင်းမြင်သာစွာ ရိုးသားစွာဖြေရှင်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်သဖြင့် အသိအမှတ်ပြုကြိုဆိုသင့်ကြောင်း၊ ပြုပြင်ရန် လိုအပ်လျက်ရှိသောအချက်များကို ပြည်ထောင်စုအစိုးရအနေဖြင့် ရေရှည်၊ ရေတိုစီမံချက်များချမှတ်၍ ဆောလျင်စွာ ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါတယ်။

(ဂ) မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ ကောင်းမွန်သည့် မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ဖြစ်ပေါ်လာရေး၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ချက်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြေယာ အသုံးပြုရာတွင် စနစ်တကျ စီမံခန့်ခွဲထားသည့် စီမံကိန်းများရေးဆွဲ အကောင်အထည် ဖော်နိုင်ရန် လိုအပ်ကြောင်း၊ အမျိုးသားသစ်တောဧရိယာ ပြုန်းတီးမှုမှာ ရာသီဥတု ဖောက်ပြန်မှုကို အထူးခြိမ်းခြောက်လာပြီဖြစ်သည့်အလျောက် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားစီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်သွားနိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ မြို့ပြတိုးတက်ဖွံ့ဖြိုးမှုများမှာလည်း အမျိုးသားစီမံကိန်း (National Planning) ၏ ဘောင်အတွင်းမှ စနစ်တကျ ဖော်ဆောင်ကြရမည်ဖြစ်ရာ ပြည်ထောင်စုအစိုးရအနေဖြင့် သက်ဆိုင်ရာဌာန အသီးသီးကို တစ်စုတစ်စည်းတည်း ပေါင်းစပ်ညှိနှိုင်းပြီး အမျိုးသားစီမံကိန်း(National Planning) တစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါတယ်။

(ဃ) မြစိမ်းရောင်ကျေးရွာ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် မူဝါဒရေးရာ အကြံပေးညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ချက်များမှာ စီမံကိန်းကို ပွင့်လင်းမြင်သာမှုရှိရန် ကျေးရွာအဖွဲ့သားများကို စီမံကိန်းအနှစ်သာရ သိရှိရန်နှင့် မိမိကိုယ်ကို အားကိုးလိုစိတ် ဖွံ့ဖြိုးလာရန် သင်တန်းများ ပေးခြင်း၊ ဥပမာ ငွေကြေး စီမံခန့်ခွဲမှုသင်တန်း၊ စာရင်းကိုင်သင်တန်း၊ နည်းပညာသင်တန်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ရန်၊ အမှန်တကယ် ဆင်းရဲသော တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများကို ဆင်းရဲနွမ်းပါးမှု မြေပုံအညွှန်းကိန်း အချက်အလက်များ ရရှိအောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကျေးလက်

ဖွံ့ဖြိုးရေးဦးစီးဌာန၊ စာရင်းအင်းဦးစီးဌာနများ ပေါင်းစပ်ပြီး ဆောင်ရွက်သင့်ကြောင်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံရယူကာ မူဝါဒ ချမှတ်ပြီး Output နှင့် Outcome ကို မူတည်၍ စောင့်ကြည့်လေ့လာ အကဲဖြတ်သင့်ကြောင်း၊ ဗဟို၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်အဆင့်ဆင့် ဦးစီးဌာန ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်ဖြစ်နေခြင်းကို သတိပြုရန်၊ တချို့နေရာများတွင် ပြည်သူကိုယ်စားပြုထားသော လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍပါဝင်မှု မရှိခြင်း၊ အားနည်းခြင်းတို့ကို ပြန်လည်စိစစ်ဖြည့်ဆည်းရန်၊ ရန်ပုံငွေ တိုးတက်လာခြင်းကိုသာ အာရုံစိုက်နေခြင်းမဟုတ်ဘဲ ဒေသခံ ဆင်းရဲနွမ်းပါးသူများ၏ စီးပွားရေးတိုးတက်မှု အခြေအနေများကို အလေးထား အကဲဖြတ် စစ်ဆေးရန်၊ ငွေချေးယူခြင်း ပုံစံများနေသော်လည်း လက်တွေ့မြေပြင်အနေအထားအရ အကြွေးသံသရာလည်နေမှုများကို လေ့လာဆန်းစစ်ရန် လိုအပ်ကြောင်း သုံးသပ်ရပါတယ်။

(င) ပျိုးပင်အစီအစဉ်၊ Network Activities Group (NAG) အဖွဲ့နှင့် တွေ့ဆုံခြင်းအပေါ် သုံးသပ်ချက်များမှာ ကမ်းနီး၊ ကမ်းဝေးလုပ်ငန်းများကို ဆက်စပ်စဉ်းစားပြီး ကမ်းနီးငါးဖမ်းရာတွင် စုပေါင်းလုပ်သားအစုအဖွဲ့များ ဖွဲ့စည်းရန်၊ ဒေသအလိုက် ကမ်းနီးရေလုပ်သားများကိုယ်တိုင် နယ်နိမိတ် သတ်မှတ်ခြင်း၊ ကမ်းဝေးနှင့် ဆက်စပ်မှုများ နယ်နိမိတ်သတ်မှတ်ခြင်းများနှင့် ဆက်စပ်မှုများတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်ကြောင်း၊ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဒေသများကိုပါ ဆက်လက်ဖွံ့ဖြိုးခြင်း၊ အအေးခန်းများ ရေခဲထုတ်လုပ်ခြင်းနှင့် ရလာသော ကုန်ကြမ်းများကို ဈေးကွက်ရရှိရေး ပံ့ပိုးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လတ်တလောအားဖြင့် ထိုင်းနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းတွင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် RFMO အဖွဲ့ထံသို့ သတင်းမပေးပို့ခြင်း၊ သတင်းမှားပို့ခြင်း ( Unreported Fishing )နှင့် မည်သည့်နိုင်ငံတွင်မှ မှတ်ပုံတင်မထားသော RFMO အဖွဲ့ဝင်မဟုတ်သည့် အလံကို တင်ထားသော ငါးဖမ်းလှေများကိစ္စ (Unregulated Fishing) စသောကိစ္စများကြောင့် EU က ထိုင်းနိုင်ငံသို့ (၂)ကြိမ်တိုင် သတိပေးထားပြီး ဖြစ်ကြောင်းကို အလေးအနက်ထားလျက် မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းအပေါ် အကျိုးသက်ရောက်နိုင်မှုများကို အလေးအနက်ထားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ စီမံထားသင့်ကြောင်း သုံးသပ်ရပါတယ်။

(စ) မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ ဇီဝကမွေးမြူရေးခြံသို့ သွားရောက်လေ့လာခဲ့ခြင်းအပေါ် သုံးသပ်ချက်များမှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ ဈေးကွက်ဝင် စီးပွားဖြစ်စနစ်တကျ မွေးမြူရေးလုပ်ငန်းသို့ တက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စနစ်တကျ စီမံချက်ချမှတ် ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်ရပါတယ်။

(ဆ) ၆-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ (၂) ဆောင် ထမင်းစားခန်းမတွင် ပြုလုပ်သည့် ဆွေးနွေးပွဲအပေါ် သုံးသပ်ချက်မှာ ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အစိုးရအဖွဲ့ ဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို လွှတ်တော် ကိုယ်စားလှယ်များ ရှင်းလင်းစွာ သိရှိနိုင်ခြင်းနှင့် စနစ်တကျ ထိန်းသိမ်းခြင်း၊ အကြံပြုခြင်းတို့ကို ပြုလုပ်နိုင်သော အခွင့်အရေး တိုးတက်ရရှိသည်ဟု သုံးသပ်ရပါတယ်။ ရှင်းလင်းဆွေးနွေးပွဲမှ သိရှိလိုသည့်အချက်များ ပြုပြင်ရန်၊ ဖြည့်စွက်အကြံပြုရန်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လိုအပ်ပါက ဆက်လက်ဆောင်ရွက်မှုများ ပြုသင့်ကြောင်း သုံးသပ်ရပါတယ်။

၄။ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းများကို ယခုထက် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို လွှတ်တော်ဆိုင်ရာဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၇

ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အစည်းအဝေး ပြီးဆုံးပြီးနောက် အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်မှာ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များအသင်းက ဖားကန့်နယ်မြေ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ ဘူမိအခြေခံနှင့် တူးဖော်ရေးစနစ်အကြောင်းကို ရှင်းလင်းတင်ပြ ဆွေးနွေးခြင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် စိတ်ပါ ဝင်စားသူ ကိုယ်စားလှယ်များ တက်ရောက်နိုင်ပါကြောင်းနှင့် ကြက်ဆီထမင်းနဲ့ ကျွေးမွေးဧည့်ခံမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၀း၄၉ နာရီအချိန်တွင် ရပ်နားပါသည်။]